# ထုတ်ပြန်ကြေညာချက်

## အသုံးပြုသူများ၏ ဆက်သွယ်ရေး အချက်အလက် လုံခြုံမှုအတွက် တာဝန်ယူမှု မရှိဘဲ တယ်လီနော မြန်မာကို အကြမ်းဖက်စစ်အုပ်စု နောက်ကွယ်က ပါဝင်သည့် ကုမ္ပဏီအား ရောင်းချရန် အစီအစဉ်ကို အရပ်ဘက် အဖွဲ့အစည်းပေါင်း (၆၉၄) က လက်မှတ်ထိုး ကန့်ကွက်

ရက်စွဲ - ဖေဖော်ဝါရီလ (၁၂)ရက်၊ ၂၀၂၂ ခုနှစ်။

*"အသုံးပြုသူများ၏ ဆက်သွယ်ရေး အချက်အလက်များကို တာဝန်ယူ ကာကွယ်ပေးခြင်း မရှိဘဲ အကြမ်းဖက်စစ်အုပ်စု နောက်ကွယ်က ပါဝင်နေသည့် ကုမ္ပဏီအား တယ်လီနော မြန်မာကို ရောင်းချခြင်းသည် အသုံးပြုသူများအား အကြမ်းဖက်စစ်အုပ်စု၏ လူသတ်ကွင်းအတွင်း တွန်းပို့ရာ ရောက်သလို၊ အကျိုးအမြတ်သည်လည်း စစ်အုပ်စု၏ အကြမ်းဖက်မှုများကို အားပေးရာ ရောက်သဖြင့် ရောင်းချမှုကို ချက်ချင်းရပ်တန့်ရန်၊ အသုံးပြုသူများ၏ ဆက်သွယ်ရေး အချက်အလက် လုံခြုံမှုကို အပြည့်အဝ တာဝန်ခံရန်၊ တောင်းဆိုမှုများကို ထည့်သွင်း စဉ်းစားခြင်း မရှိခဲ့ပါက အသုံးပြုသူများအပေါ် ကျရောက်လာနိုင်သည့် စစ်အုပ်စု၏ အကြမ်းဖက်မှု အားလုံးအတွက် တယ်လီနောက တာဝန်ခံရန် တို့ ပါဝင်သည့် ထုတ်ပြန်ချက် တစ်ရပ်ကို အမည်မဖော်ပြနိုင်သည့် အဖွဲ့ ၁၄၉ ဖွဲ့ အပါအဝင် အရပ်ဘက် အဖွဲ့အစည်းပေါင်း (၆၉၄) က လက်မှတ်ထိုးကာ နော်ဝေး အခြေစိုက် တယ်လီနော ဆက်သွယ်ရေး ကုမ္ပဏီအား အလေးအနက် တောင်းဆိုလိုက်သည်။"*

၁။ ဖေဖော်ဝါရီလ ၄ ရက်နေ့က ထုတ်ပြန်သည့် Myanmar Now သတင်းအရ တယ်လီနော မြန်မာ ကုမ္ပဏီ (Telenor Myanmar) ကို အာဏာသိမ်းရန် ကြိုးပမ်းနေသည့် အကြမ်းဖက် စစ်အုပ်စုနှင့် ဆက်စပ်နေသည့် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည့် ရွှေဗျိုင်းဖြူက အစုရှယ်ယာ အများစု ပိုင်ဆိုင်မည့် Investcom ကုမ္ပဏီအား ဖေဖော်ဝါရီလ ၁၅ ရက်မတိုင်ခင် အပြီးရောင်းချရန် စီစဉ်နေကြောင်းသိရှိရသည်။

၂။ အဆိုပါ သတင်းဖော်ပြချက်အရ Investcom ၏ ရှယ်ရာ အများစုပိုင်ရှင်ဖြစ်သည့် ရွှေဗျိုင်းဖြူ စီးပွားရေး လုပ်ငန်းစုသည် ၁၉၉၀ ခုနှစ်များကတည်းပင် ၎င်းတို့၏ အစောပိုင်း စီးပွားရေး လုပ်ငန်းများ စတင်ခဲ့ပြီး အဆက်ဆက်သော စစ်အစိုးရများ လက်ထက်များတွင် စစ်တပ်ပိုင် လုပ်ငန်းများအတွက် လောင်စာဆီ ဝယ်ယူ တင်သွင်း

ရောင်းချမှုများနှင့် ကျောက်မျက် တူးဖော်ခြင်းများ အပါအဝင် လုပ်ငန်းအများအပြား လုပ်ကိုင်ခွင့် ရရှိခဲ့သည် ခရိုနီလုပ်ငန်းတစ်ခုဖြစ်သည်။ ရွှေဖျိုင်းဖြူ ၏ ဥက္ကဋ္ဌ ဖြစ်သူ ဦးသိန်းဝင်းဇော်သည် Mahar Yoma Public Company တွင် ဒါရိုက်တာတစ်ဦး အဖြစ် ပြီးခဲ့သည့် နိုဝင်ဘာလ လဆန်းပိုင်းအထိ လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ Mahar Yoma သည် Myanmar National Telecom Holdings Public Company Limited ၏ အဓိက ရှယ်ယာရှင် တစ်ဦး ဖြစ်ပြီး၊ အဆိုပါ MHTH သည် အကြမ်းဖက်စစ်အုပ်စုက အဓိက ရှယ်ယာများ ပါဝင်သည့် MyTel ဆက်သွယ်ရေး ကုမ္ပဏီတွင် ရှယ်ယာပါဝင်ထားသည်။ ရွှေဖျိုင်းဖြူ လုပ်ငန်းတစ်ခုကို ရွှေဖျိုင်းဖြူ တယ်လီကွန်း ကုမ္ပဏီအဖြစ် အမည်ပြောင်းလဲ မှတ်ပုံတင်ပြီး ၂ ပတ် အတွင်းနှင့် Investcom Pte Ltd ထံမှ ရှယ်ယာ မဝယ်ယူခင် ရက်ပိုင်း အလိုကြမှသာ အဆိုပါ Mahar Yoma ကုမ္ပဏီ ဒါရိုက်တာရာထူးမှ နှုတ်ထွက်ခဲ့သည်ကို ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာ မှတ်တမ်းများအရ သိရသည်။ သို့ဖြစ်ရာ ရွှေဖျိုင်းဖြူ အနေဖြင့် လက်ရှိ US၊ UK၊ နှင့် EU စီးပွားရေး ပိတ်ဆို့ခံထားရသည့် အကြမ်းဖက် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများ နှင့် ဆက်စပ်မှုများကို ခြေရာဖျောက်ကာ၊ နိုင်ငံတကာက စီးပွားရေး ပိတ်ဆို့မှုများကို ရှောင်ရှားနိုင်ရန်အတွက် အကွက်ချ လုပ်ဆောင်ခဲ့သည်ဟု သုံးသပ်ရသည်။ ယခု တယ်လီနော မြန်မာ ကုမ္ပဏီအား ၄င်းတို့ ကုမ္ပဏီသို့ ရောင်းချခြင်းကို အကြမ်းဖက် စစ်အုပ်စု၏ နောက်ကွယ်မှ အကွက်ချ စီစဉ်မှု အဖြစ် သုံးသပ်နိုင်ပါသည်။

Investcom Pte Ltd ၏ ကျန်ရှယ်ယာများကိုလည်း အကြမ်းဖက် စစ်အုပ်စုနှင့် ဆက်စပ်သည့် လက်ဘနွန် နိုင်ငံအခြေစိုက် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် M1 ၏ လုပ်ငန်းခွဲ တစ်ခုကပိုင်ဆိုင်သည်။ အဆိုပါလုပ်ငန်းခွဲသည် အခွန်ရှောင်မှုများ မေးခွန်းထုတ်စရာ ရှိသည့် စီးပွားရေး လုပ်ငန်းများ အခြေစိုက် လေ့ရှိသည့် Caysman Island တွင် မှတ်ပုံတင်ထားသည်။ ထို့အပြင် ရွှေဖျိုင်းဖြူ လုပ်ငန်းစု၏ ဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်၏ ဇနီးဖြစ်သူ လုပ်ငန်းစု၏ လက်ရှိအုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဒေါ်တင်လတ်မင်း သည်လည်း ဥရောပသမဂ္ဂက စီးပွားရေး ဒဏ်ခတ် ပိတ်ဆို့ထားသည့် သစ်လုပ်ငန်း တစ်ခုဖြစ်သည့် Forest Products Joint Venture Corporation တွင် အစုရှယ်ယာဝင် ဖြစ်သည်ဟု သတင်းများက ဖော်ပြသည်။

၃။ တယ်လီနောအနေဖြင့် ၎င်းတို့ မြန်မာနိုင်ငံရှိ လုပ်ငန်းကို ရောင်းချပါက အသုံးပြုသူ ၁၈ သန်းကျော်၏ ဆင်းကဒ် မှတ်ပုံတင်ခြင်းတွင် ဖြည့်သွင်းရသည့် အချက်အလက်များ (Sim card registration data)၊ အသုံးပြုသူများ၏ ဖုန်းခေါ်ဆို အသုံးပြုမှု၊ အင်တာနက်သုံးစွဲမှု မှတ်တမ်းများ မည်သည့်နေရာက သုံးစွဲခဲ့သည် ဆိုသည့် မှတ်တမ်းများ

အပါအဝင် ဖုန်းနံပါတ် အသုံးပြုသော mobile banking အသုံးပြုမှုများ၊ wave money ကဲ့သို့ ငွေသွင်း ငွေလွှဲ မှတ်တမ်းများ စသည်တို့ ပါဝင်နိုင်သည့် သိမ်းဆည်းထားသော အသုံးပြုမှု မှတ်တမ်းများ (historical activity record) များအပေါ် ၎င်းတို့ ဆောင်ရွက်ထားသော အခြေအနေများနှင့် ပတ်သက်၍ အများပြည်သူအား အသိပေးထားခြင်းလည်း မရှိပေ။

၄။ သို့ဖြစ်ရာ Investcom Pte Ltd အား ရောင်းချခြင်း အတည်ဖြစ်ခဲ့ပါက မြန်မာနိုင်ငံရှိ ၁၈ သန်းကျော်သော တယ်လီနော သုံးစွဲသူများ၏ အထက်ဖော်ပြပါ ဆက်သွယ်ရေး အချက်အလက်များသည် ၎င်းကုမ္ပဏီ၏ နောက်ကွယ်ရှိ အကြမ်းဖက်စစ်အုပ်စုလက်ထဲသို့ ရောက်ရှိပြီး၊ သုံးစွဲသူအားလုံးနှင့် ၎င်းတို့၏ မိသားစုဝင်များ အပါအဝင် ဆက်စပ်သူများ ဖမ်းဆီး နှိပ်စက်၊ သတ်ဖြတ်ခံရခြင်း အပါအဝင် မခန့်မှန်းနိုင်လောက်အောင်ပင် ဆိုးရွားသည့် အကြမ်းဖက်မှုများ ကြုံတွေ့ ခံရနိုင်သည့် အန္တရာယ်များစွာ ရှိနေပါသည်။

၅။ ထို့အပြင် အာဏာသိမ်းရန် ကြိုးပမ်းမှု မတိုင်မီ <u>၂၀၂၀ ခုနှစ်တွင် တစ်နှစ်အတွင်း ဝင်ငွေ ၄.၀၅၅ ဘီလီယံ Norwegian kroner (ဒေါ်လာ ၄၆၃.၉၅ သန်း)</u> ရှိခဲ့ပြီး Telenor Group တစ်ခုလုံး ဝင်ငွေ၏ ၇ ရာခိုင်နှုန်း ဝင်ငွေရှိခဲ့သည့် Telenor Myanmar အား <u>အကြမ်းဖက်စစ်အုပ်စု၏ အကျိုးစီးပွားကို အထောက်အပံ့ပြုနေသည့်</u> အဆိုပါ ကုမ္ပဏီအစုအဖွဲ့အား ရောင်းချလိုက်ခြင်းအားဖြင့် အဆိုပါလုပ်ငန်းမှ ရရှိသည့် အကျိုးအမြတ် ဝင်ငွေသည် လူမျိုးတုန်းသတ်ဖြတ်မှု (Genocide) နှင့် လူသားမျိုးနွယ်အားဆန့်ကျင့်သော ရာဇဝတ်မှုများ (Crimes against humanity) အပါအဝင် ရာဇဝတ်မှုပေါင်းများစွာအတွက် နိုင်ငံတကာခုံရုံးများတွင် တရားစွဲဆို ခံထားရသည့် အကြမ်းဖက်စစ်အုပ်စု သက်တမ်းရှည်ရေးနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများအား အထောက်အပံ့ပြုရာ ရောက်မည်ဖြစ်သည်။

၆။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကုမ္ပဏီတစ်ခုအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် ဥပဒေမူဘောင်များကို လေးစားလိုက်နာရမည် ဖြစ်ရာ တယ်လီနောသည် မြန်မာနိုင်ငံရှိ သုံးစွဲသူများ၏ သတင်းအချက်အလက်များ လုံခြုံရေးအတွက် တာဝန် အပြည့်ရှိသလို၊ အဆိုပါ အချက်အလက်များ တစ်နည်းနည်းဖြင့် ပေါက်ကြားမှုကြောင့် အသုံးပြုသူများ ကြုံတွေ့ရနိုင်သည့် နစ်နာမှုများ အားလုံးအတွက်လည်း တာဝန်ခံရမည် ဖြစ်သည်။

ထို့အတူ အသုံးပြုသူများမှ တယ်လီနောက သိမ်းဆည်းထားသည့် ၎င်းတို့၏ ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များ ဖျက်ပေးရန် တောင်းဆိုပါက ဖျက်ပေးရမည့်တာဝန် အပြည့်ရှိသည်။

၇။ တယ်လီနော မြန်မာ ရောင်းချမှုနှင့် ပတ်သက်၍ သုံးစွဲသူ ပြည်သူများ၏ အကြီးဆုံး စိုးရိမ်မှုမှာ ၎င်းတို့၏ ဆက်သွယ်ရေး အချက်အလက်များကို အကြမ်းဖက်စစ်အုပ်စုမှ ရရှိအသုံးပြုပြီး ၎င်းတို့ကို ပိုမိုအကြမ်းဖက် နှိပ်ကွပ်လာနိုင်သည့်အချက်နှင့် လုပ်ငန်း အကျိုးအမြတ်များက စစ်အုပ်စု၏ အကြမ်းဖက်လုပ်ငန်းများအား တနည်းတဖုံ အားပေးရာ ရောက်နိုင်သည့်အချက်တို့ ဖြစ်သည်။

၈။ သို့ပါ၍ တယ်လီနော ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရှိ ၁၈ သန်းကျော်သော တယ်လီနော သုံးစွဲသူများ၏ ဆက်သွယ်ရေး အချက်အလက်များ လုံခြုံရေးနှင့် လုပ်ငန်း၏ အကျိုးအမြတ်ကို အကြမ်းဖက်စစ်အုပ်စု လက်ထဲ မရောက်ရှိစေရေး အောက်ပါအချက်များကို လုပ်ဆောင်ရန် တိုက်တွန်း တောင်းဆိုလိုက်သည်။

*(က) အကြမ်းဖက်စစ်အုပ်စုမှ နောက်ကွက်က ပါဝင်ပတ်သက်နေသည့် Investcom သို့ ရောင်းချခြင်းကို ချက်ချင်းရပ်တန့်ရန်၊*

*(ခ) မြန်မာနိုင်ငံက ထွက်ခွာရန် ဆုံးဖြတ်ပါက စီးပွားရေး အကျိုးအမြတ်နှင့် အသုံးပြုသူများ၏ ဆက်သွယ်ရေး အချက်အလက်များ အကြမ်းဖက်စစ်အုပ်စုထံသို့ မရောက်စေရန် ဖြစ်နိုင်သမျှ နည်းလမ်းများကို စဉ်းစားလုပ်ကိုင်ရန် (ဥပမာ - လုပ်ငန်း လိုင်စင်ပြန်အပ်ကာ အသုံးပြုသူများ၏ အချက်အလက်အားလုံး ကို အပြီးဖျက်ပစ်ခြင်း)၊*

*(ဂ) မည်သည့်အခြေအနေ၊ မည့်သည့်အကြောင်းကြောင့်မဆို မည်သူကိုမျှ သုံးစွဲသူများ၏ ခွင့်ပြုချက် မပါဘဲ ၎င်းတို့၏ ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို လုံးဝ (လုံးဝ) လွှဲပြောင်းရောင်းချခြင်း နှင့် မည်သူကိုမျှ လက်လွှဲပေးအပ်ချင်း မပြုရန်*

*(ဃ) တယ်လီနော ကုမ္ပဏီသည် မိမိဝန်ထမ်းများ၏ လုံခြုံရေးအတွက် တာဝန်ရှိသလို တယ်လီနော သုံးစွဲသူ ပြည်သူများ၏ လုံခြုံရေးအတွက်လည်း အပြည့်အဝ တာဝန်ယူ၊ တာဝန်ခံရန်သည် ကျင့်ဝတ်အရ သာမက၊ ပြည်တွင်း၊ ပြည်ပဥပဒေများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကြောင်း အရပါ တာဝန်ရှိသည် ဖြစ်ရာ အသုံးပြုသူများ လုံခြုံမှုကို ၎င်းတို့၏ အရေးကြီးဆုံး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဆုံးဖြတ်လုပ်ကိုင်ရန်*

၉။ **တယ်လီနောသည် အသုံးပြုသူများ လုံခြုံရေးအတွက်** အထက်ပါ **ကျွန်ုပ်တို့ အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုမှုများကို လစ်လျူရှုကာ အကြမ်းဖက် စစ်အုပ်စုနှင့် ဆက်စပ်သည့် အစုအဖွဲ့အား တယ်လီနော မြန်မာကို ရောင်းချခြင်း၊ အသုံးပြုသူများ၏ ဆက်သွယ်ရေး အချက်အလက်များအား လွှဲပြောင်း ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ပါက** ကျွန်ုပ်တို့ အရပ်ဘက်အဖွဲ့အစည်းများက ယင်းသို့ လုပ်ဆောင်မှုများကို (လုံး ဝ) ကန့်ကွက် **ရှုံ့ချသွားမည်** ဖြစ်သည်။ ထို့အတူ ပြည်တွင်း၊ ပြည်ပဥပဒေများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဆိုင်ရာ ဥပဒေများအား ချိုးဖောက်မှုများ အပါအဝင်၊ အဆိုပါ အချက်အလက်များ အပေါ် အခြေပြု၍ အကြမ်းဖက် စစ်အုပ်စုက ကျူးလွန်ခဲ့သည့်၊ ကျူးလွန်လျက်ရှိသည့်၊ ကျူးလွန်လာနိုင်သည့် လူမျိုးတုန်း သတ်ဖြတ်မှု (Genocide) နှင့် လူသား မျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှုများ (Crimes Against Humanity) အပါအဝင် **မမှန်းဆနိုင်သည့် ရာဇဝတ်မှုများအတွက် တယ်လီနောက တာဝန်ခံရမည် ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေး ထုတ်ပြန်အပ်သည်။**

❖ **ဆက်သွယ်ရန် (Signal က တဆင့် ဆက်သွယ်ပေးပါရန်။)**

- ထိုက်ထိုက်အောင် (Digital Rights Activist) - Signal + 959 784 119505
- ဝေဖြိုးမြင့် (Digital Rights Activist) - Signal: +66 66 076 3257
- ကိုရဲ (Blood Money Campaign) - Signal: +959 966 878881
- ဝတ်မှုန်ဝင်း (Global Myanmar Spring Revolution/CRPH Support Group, Norway) - Signal: + 47 936 14 831

## ❖ လက်မှတ်ထိုးသည့် အရပ်ဘက် အဖွဲ့အစည်းများ (၆၉၄)ဖွဲ့။

1. 7Star. Humanitarian Support Team
2. 88 Generation Peace and Open Society
3. 8888 Generation (New Zealand)
4. 8888 New Generation (Mohnyin)
5. A Lin Pya Kyal
6. A Lin Tan
7. A Lin Thi Tan
8. A Nar Gatt Thit GroupP
9. Action Against Myanmar Military Coup (Sydney)
10. Action Committee for Democracy Development
11. Ah Nah podcast - conversation with Myanmar
12. Alinsaetamarn Resource Center
13. Alinthitsar Environmental and Development Group
14. Alinyaungpandaing Environmental and Development Group
15. All Arakan Students' and Youths' Congress
16. All Burma Student Democratic Front - Australia Branch
17. All Young Burmese League (AYBL)Anti-Myanmar Dictatorship Movement
18. Alternative Solutions for Rural Communities (ASORCOM)
19. ALTSEAN-Burma
20. America Rohingya Justice Network
21. American Rohingya Advocacy
22. Andin Mon Youth group
23. Anin Region Environmental Conservation Group
24. Ann Township Pipeline Monitoring Group
25. Ann Women Generation Network
26. Anti-Dictatorship in Burma - DC Metropolitan Area
27. Anti-Myanmar Military Dictatorship Network (AMMDN)
28. ANTS Fundraising Team
29. Arakan CSO Network
30. Arakan Humanitarian Coordination Team- AHCT
31. Arakan Institute for Peace and Development
32. Arr Thit Yaung Chi
33. Association of Human Rights Defenders and Promoters
34. Athan – Freedom of Expression Activist Organisation
35. Auckland Kachin Community Inc.
36. Auckland Zomi Community

37. Australia Burma Friendship Association, Northern Territory
38. Australia Karen Organization WA Inc.
39. Australia Myanmar DNF
40. Australia Myanmar Youth Alliance (AMYA)
41. Australian Burmese Muslim Organisation
42. Australian Chin Community (Eastern Melbourne Inc)
43. Australian Karen Organisation (AKO)
44. Australian Karen Organisation (AKO) Queensland
45. Awei Youths' Revolutionary Movement Strike Committee
46. Ayeyarwaddy Karen Youth - Myanmar
47. Ayeyarwaddy Youths Union – AYU
48. Ba Ann Media Group
49. Bamar Community Tasmania
50. Basic Education High School Dawei Student's Union
51. Basic Education High School Launglon Student's Union
52. Basic Education High School No.4 Dawei Students's Union.
53. Basic Lawyer Network
54. Bawdi Youth (Ethenic Youth group)
55. Blood Money Campaign
56. Board of Education - Palaw
57. Bu Thee Taung Youth Network
58. Bumese Information Network in Korea
59. Burma Campaign UK
60. Burma Human Rights Network (BHRN)
61. Burma Lawyers' Council (BLC)
62. Burma Task Force
63. Burmese American Millennials
64. Burmese Canadian Network
65. Burmese Community
66. Burmese Community Development Collaboration (BCDC)
67. Burmese Community Support Group (BCSG)
68. Burmese Democratic Forces
69. Burmese Friendship Association
70. Burmese Medical Association Australia (BMAA)
71. Burmese Muslim Association
72. Burmese Women's Union
73. Campaign for a New Myanmar
74. Canberra Karen Association

75. Candle Light Group
76. CAN-Myanmar
77. CBT Gaw Ran Gyi Island (Nan Thar Pu)
78. CDM Support Magway
79. CERA
80. Chicago Burmese Multi-Ethnic Activists
81. Child Production Group
82. Chin Community Based Rehabilitation
83. Chin Community in Norway
84. Chin Community of Western Australia Inc.
85. Chin Community SA
86. Chin Community Tasmania
87. Chin Green Network
88. Chin Institute of Social Science
89. Chin Leaders of Tomorrow (CLT)
90. Chin MATA Working group
91. Chin National Front Regional Committee (Korea)
92. Chin Youth Organization - South Korea
93. Chin Youth Organization (Matupi)
94. Chin Youth Organization (Kanpalet)
95. Chindwin Region Natural Resources Watch Group
96. Chinland Natural Resources Watch Group
97. Cho Chin Women Organisation
98. Civil Call
99. Civil Call (Sagaing)
100. Coalition Strike Committee
101. Community Development Youth Network
102. Community Observer Association
103. Community Peace Support Group
104. CRC
105. CRPH & NUG supporters Ireland
106. CRPH Funding Ireland
107. CRPH Support Group, Norway
108. CRPH, NUG Support Team Germany-Deutschland
109. CRPH/NUG Support Group - India
110. CRPH/NUG support group Australia
111. Da Nu Youth group
112. Daejeon Myanmar Democratic Peace Alliance

113. Daily Educations
114. Dawei Development Association
115. Dawei Nursing Training School Students Union
116. Dawei Research Association
117. Dawei Township Basic Education Students' Union
118. Dawei University Students' Union
119. Dawei Watch Foundation
120. Dawei Women Union
121. Dawei Youth Organization - Korea
122. Dawei Youths' Revolutionary Movement Strike Committee (DYRMSC)
123. Democracy for Burma
124. Democracy Movement Strike Committee - Dawei (DDMSC)
125. Democracy, Peace and Women's Organisation- DPW
126. Democratic Youth Council
127. Digital Rights Collective
128. Diversity and Public Truth
129. EarthRights International
130. Environmental Conservation Association
131. Equality Myanmar
132. Ethnic Youth General Strike Committee (Mandalay)
133. Falam Community
134. Farmer and Land Activity Group
135. Farmer and Land Worker Union(Myeik Region)
136. Farmer Union
137. Farmers and Agricultural Workers Group
138. Farmers Union (Ayar)
139. Farmers Union, Reporter
140. Federal Myanmar Benevolence Group (NZ)
141. Forest User Association
142. Free & Fair (Youth) Network
143. Free and Justice
144. Free Burma Action Bay/USA/Global
145. Free Myanmar Campaign USA/ BACI
146. Free Rohingya Coalition
147. Freedom for Burma
148. Freedom Society
149. Freedom, Justice, Equality for Myanmar
150. Future Light for Child

151. Future Thanlwin
152. General Strike Committee of Nationalities - (GSCN)
153. Generation Wave
154. Generation Wontho
155. Global Actions Against the Myanmar Junta
156. Global Family
157. Global Movement for Myanmar Democracy (GM4MD)
158. Global Myanmar Spring Revolution
159. Global Myanmar Spring Revolution Korea (GMSR)
160. Golden Brethren's From Korea (G.B.K)
161. Golden Heart Organization
162. Golden Ray Of Light (Myanmar Community)
163. Green Development Network
164. Green for All (NTI)
165. Green Network(Mergui Archipelago)
166. Green Network(Tanintharyi Region)
167. Green Right Organization
168. Gyeongnam Myanmar Community (Changwon)
169. Hazel (NST-Host)
170. HeinNae Region Longterm Development Group
171. HinTha Da PIDP Group
172. Hinthar Tagon
173. Homalinn Youth Network
174. HRDP
175. Hsar Ka Paw Group
176. Hsar Mu Htaw Group
177. Hsar Mu Waw Group
178. Htaw Me Par Group
179. Htee Gyaing Network
180. Htoi Gender and Development Organization
181. Htuu Region Development Group
182. Human Rights Defenders and Promoters
183. Human Rights Foundation of Monland
184. India for Myanmar
185. Industrial Training Centre (ITC) Family Sydney
186. Info Birmanie
187. International Campaign for the Rohingya (ICR)
188. International Society of Myanmar Scholars and Professionals

189. Joint Action Committee for Democracy in Burma (JACDB)
190. Junta Denouncing Committee (Korea)
191. Justice for Myanmar
192. Ka Nyunt Kwin Youth Center
193. Kachin Association Australia
194. Kachin Association Norway
195. Kachin Association of Australia WA Inc.
196. Kachin State Civilian Movement- KSCM
197. Kachin Women's Association Thailand
198. Kan Chay Arr Man
199. Kan Latt Myar
200. Kanbung Youth (Matupi)
201. Kani Natural Resources Watchs
202. Kanpetlet Land Development Organization
203. Karen Community
204. Karen Environmental and Social Action Network
205. Karen Human Rights Group
206. Karen Organization of America
207. Karen Peace Support Network
208. Karen Rivers Watch
209. Karen Women's Organization
210. Karen Youth Organization (KYO)
211. Karenni Association in Norway
212. Karenni Civil Society Network
213. Karenni Ever Green
214. Karenni Federation of Australia
215. Karenni MATA
216. Karenni National Women's Organization
217. Karenni National Youth Organization
218. Karenni State Farmer Union
219. Karenni/Kayah Community
220. KatanKyun Development Group
221. Kayan Earth Right Action Network
222. Kayan New Generation Youth
223. Kayan Women Organization
224. Kayin Community Tasmania
225. Kayin Culture and Literature Committee
226. K'cho Ethnic Association

227. KECO
228. Keng Tung Youth
229. KESAN
230. Khaingmyaethitsar Enviromental Maintain Group
231. Khanthar Farmers Network
232. Khanti Youths
233. Khitlight Development Group
234. Khumzup Local Development Committee
235. Kin Oo Natural Resources Watchs
236. Kin Ywar (Ma da yar youth)
237. Kindness Foundation (karen)
238. KOG
239. Korea Kachin Community
240. KSWN
241. KTJ Supporting Group
242. Kyaik Hti Yo Mountain Range Lover Association
243. Kyaikhto Student's Union -KSU
244. Kyaingtone Youth
245. Kyaukpyu Social Network
246. Kyauktada Strike Committee(KSC)
247. Kyike Mayaw MATA
248. Kyonemaku Chaung Network
249. La Communauté Birmane de France
250. LA Rohingya Association
251. Lan Pya Kyal Sin Group
252. Land Activist group
253. Land and Environment
254. Land in Our Hands
255. Lat Pa Daung Monitoring group
256. LaungLon Basic Education Students Union - Myanmar
257. Lawyers Network
258. LGBT Union Mandalay
259. Light Civil Society Organization
260. Living Water Organization
261. Lu Mu Htar Group
262. Ma Naw Phyu
263. Ma Thone Nae
264. Mandalay Kachin Youth

265. Manoeyone Future Light Environmental and Development Group
266. Marga
267. MATA (Sagaing)
268. Matu Burma Foundation
269. Matu Chin Community
270. Matu Forum Committee
271. Matu Women Association
272. Maubin University Students' Union
273. Media Network
274. Metta Campaign Mandalay
275. Mhine Nyein Network
276. Mi Karen Youth
277. Milk Tea Alliance (Calendar Team)
278. Mindat Chin Community NSW
279. Mindat Community
280. Mitta Blood Health Group
281. Mitta San Yae
282. Mitta Shin Group
283. Mitta Yake Group
284. Mitta Yaung Sin group
285. Mizo Community
286. MoeMaKa Multimedia
287. Mohn Chaung Lover
288. Mon Association - Norway
289. Mon Families Group
290. Mon Green Develop Group
291. Mon National council
292. Mon State CSO Network
293. Mon Youth For Federal Democracy
294. Mon-region Social Development Network
295. Moong Zilom
296. MotherLand Network
297. MRDJO Magway Regional Rules of law and Justice group
298. MRJ (Maraja)
299. MRS
300. Mu Se Multi Development Association
301. Mudidar ZiwadarNa and Social Association
302. Mudon CSO Network

303. Mudon Township Development Group
304. Municipal Monitoring Group
305. Muu Basin Environmental Save group
306. Mwetaung Area Development Group
307. Myanmar Advocacy Coalition
308. Myanmar Baptist Churches in Norway
309. Myanmar Buddhist Community of South Australia
310. Myanmar Catholic Community in Norway
311. Myanmar Community Austria
312. Myanmar Community Coffs Harbour (MCC)
313. Myanmar Community in Norway
314. Myanmar Community Netherlands
315. Myanmar Cultural Research Society (MCRS)
316. Myanmar Democracy and Peace Committee (Australia)
317. Myanmar Democratic Force Denmark
318. Myanmar Democratic Movement (MDM)
319. Myanmar Development and Support Group , Spring Revolution Restaurant
320. Myanmar Engineering Association of Australia (MEAA)
321. Myanmar Engineers New Zealand
322. Myanmar family Community Ireland
323. Myanmar Hindu Community - Norway
324. Myanmar Muslim Organization - Norway
325. Myanmar People Alliance (Shan State)
326. Myanmar People Residing in Canberra
327. Myanmar Professional Social Workers Association
328. Myanmar Professionals Association Australia (MPAA)
329. Myanmar Public Alliance (Shan)
330. Myanmar Revolution Supporters
331. Myanmar Secret Informations
332. Myanmar Spring Revolution Supporters Korea
333. Myanmar Students' Association Australia (MSAA)
334. Myanmar Students Organization in Korea
335. Myanmar Worker Welfare Center (South Korea)
336. Myanmar Youth Organization in Korea
337. Myat Darna Group
338. Myeik Lawyer Network
339. Myeik University Students Union – Myanmar
340. Myingyan - GZ - Group (Korea)

341. Na Phat Hla
342. Nant San Environmental Save Group
343. National League for Democracy Organizing Committee (International/Korea)
344. Nationalities Alliance of Burma USA
345. Network for Human Rights Documentation – Burma (ND-Burma)
346. New Zealand Doctors for NUG
347. NLD Organizing Committee (International)
348. NLD Solidarity Association (Australia)
349. No Business with Genocide
350. Noble Mind Organization
351. Northern Spectrum Youth Network
352. Northokkalapa Nurse And Midwifery Training School Students' Union
353. Norway Matu Community
354. Norway Rvwang Community
355. NRFF
356. NUG Support Team Korea
357. Nyan Lynn Thit Analytica
358. Olive Organization
359. Open Development Foundation
360. Our Force
361. Our Natural Land
362. Our World
363. Pace on Peaceful Pluralism
364. Palaw Youth Network
365. Pan Daing Shin
366. Pa-O Women's Union
367. Pa-O Youth Organization (South Korea)
368. Parchan River Maintain Group
369. Pauk Khaung Youth Network
370. Pauktaingchaung Development Group
371. Peace and Development Center .Meiktila
372. Peace and Development Initiative-Kintha
373. People Oriented and Development Group
374. People's Initiative for Development Alternatives
375. People's Embrace
376. Perth Myanmar Youth Network
377. Phyu Sin Mitta
378. PMNS Japan

379. Pocheon Myanmar Youth Organization South Korean
380. Progressive Voice
381. Publish What You Pay
382. Pwint Lin Voluntary Group
383. Pwint Lin Youth
384. Pwint Phyu Development Group
385. PWVB (Patriotic War Veterans of Burma)
386. Pyar Mountain Conservation Group
387. Pyeongtaek Myanmar Community
388. Pyi thue A Kyoe Pyue Group
389. Pyin Nyar Youth Association
390. Pyithu Gonye (New Zealand)
391. Queensland Kachin Community (QKC)
392. Queensland Myanmar Youth Collective (QMYC)
393. Queensland Rohingya Community
394. Rakha Arr Marn Group
395. Rakhine Ethnics Congress
396. Rakhine National Network (Lay Taung)
397. Rakhine Social Network (Myay Pone)
398. Rakhine Youth Generation
399. RDO
400. Red Campaign Nirvana Exhortation Group
401. Remonya Association of WA (Mon Community)
402. Researchers' Republic
403. Retired Voluntary Group
404. Rise Again Myanmar - Korea - 왜관
405. Rise Again Myanmar (Daegu)
406. Rivers and Creeks Monitoring Group
407. Rohingya Community in Norway
408. Sal and KyaySin Mining Watch Group
409. Save and Care Organisation for Ethnic Women at Border Areas
410. Save Myanmar
411. Save Myanmar - San Francisco
412. Save Myanmar (USA)
413. Say Da Nar Mon Voluntary Group
414. Say Da Nar Shin
415. Sein Lan ( Mogok)
416. Sein Lan (Tha Pake Kyin)

417. Sein lan Lwin Pyin Group(laputta)
418. Sein Lan Myay (Kyun Hla)
419. Sein Yaung So (Katha)
420. Shan Community - Norway
421. Shan Literature
422. Shan MATA
423. Shan Women Development Network
424. Shantinmae Environmental Ma Maintain Committee
425. Share Mercy
426. Shee CSO
427. ShizuYouth for Myanmar
428. Shwe Chin Thae Farmers Network
429. Shwe Kyin Lover
430. Shwe Network
431. Shwe Paing Nyin Group
432. Shwe Youth Democratic Alliance (SYDA)
433. Sisters2sisters
434. Sit Man Thaw Sanda Social group
435. Sitt Nyein Pann Foundation
436. SKY-Youth, Kyaukphyu
437. SMTF(Myanmar)
438. Social Development and Peace Network
439. Southcare Medical Centre
440. Southern Youth Development Organization
441. Spring Revolution Interfaith Network
442. Spring Revolution Nine Youths (SRNY Team)
443. Students for Free Burma
444. Support for Myanmar
445. Support Group for Democracy in Myanmar (SGDM)
446. Support the Democracy Movement in Burma
447. Suwon Migrants Center (Myanmar Community)
448. Sydney Friends for Myanmar Unity
449. Synergy - Social Harmony Organization
450. Ta'ang Legal Aid
451. Ta'ang Women's Organization
452. Taiwan Alliance for Myanmar
453. Tanintharyi MATA
454. Tanintharyi Nationalities Congress - TNC

455. Tarkapaw Youth Group
456. Tedim Youth Fellowship
457. Tgyit Watch Group
458. Than Lwin Thar Chin Group
459. Thanlwin Network
460. Thayetchanug Villages Strike Committee
461. The Group that Overthrew the Era of Fear
462. The Institution of Professional Engineers Myanmar
463. Theindaw Region Environmental Maintain Group
464. Thingantaung Waterfall Maintain Group
465. Thit Sar Yae Sin
466. Thurira Sanda group
467. Tonzang Fellowship
468. Tonzang Youth Association
469. Transparency and Accountability Network Kachin State
470. Tree Lover Group
471. Twitter Team for Revolution
472. Uakthon Local Social Development Organization
473. Uijeongbu Myanmar Community
474. Union of Karenni State Youth
475. United Myanmar Community of South Australia
476. United States Chin Coalition (USCC)
477. Universities Kachin Literature and Culture Association- Yangon
478. University of Computer Studies Myeik Students' Union
479. University of Forestry and Environmental Science Students' Union
480. University of Veterinary Science Students Union
481. University Students' Unions Almni Force
482. Upper Chindwin Youth Network
483. Upper Myanmar Watch group
484. US Advocacy Coalition for Myanmar (USACM)
485. Victorian Burmese Care Community (VBCC)
486. Victorian Myanmar Youth
487. Volunteer Helper Group
488. Wan Lark Foundation
489. Way Way Nay
490. We For All (Japan)
491. We Love Mother Land - Korea
492. We Pledge CDM (Australia)

493. Western Australia Myanmar Democratic Network
494. Western Beach Ayeyarwaddy Environmental Conservation Group
495. White Hand Social Welfare Group
496. White Raindrops Charity Foundation
497. Windayea Village Social group
498. Winemaw Civil Society Network
499. Women Activists Myanmar (Australia)
500. Women Advocacy Coalition- Myanmar (WAC-M)
501. Women Development
502. Women Empowerment Group
503. Women Generation
504. Women League of Burma (WLB)
505. Wonthoe Youths
506. World View Monitoring and Helping Group
507. Yadanar Foundation
508. Yangon University of Education Environmental Club
509. Yaung Chi Thit public Library Group
510. Yaung Ne Oo Women Group
511. Yaung Zin Arr Man Group
512. Yaye Alliance Development Group
513. Yezin Agricultural University Students Union
514. YoeMa Civil Society Group
515. Youth Arr Man Group
516. Youth Development Institute(YDI)
517. Youth for Democratization of Myanmar
518. Youth Initiative for Human Rights
519. Youth Society Network
520. Zo Community
521. Zomi Association Australia Inc.
522. Zomi Christian Fellowship of Norway
523. Zomi Community in Norway
524. ကျောက်တော်လူငယ်များအစည်းအရုံး
525. ခမီလူငယ်များအဖွဲ့
526. စာပေဥယျာဉ်
527. တောင်ကုတ်လူငယ်များကွန်ရက်
528. ပရဟိတလူငယ်များအသင်း(CYO)
529. ပွင့်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ

530. ပုဏ္ဏားကျွန်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း
531. ဖြူစင်တွဲလက်များ
532. မကွေးတိုင်းဒေသကြီးတရားဥပဒေစိုးမိုးရေးနှင့်တရားမျှတရေးအဖွဲ့
533. မင်းပြားလူငယ်များအစည်းအရုံး
534. မျိုးဆက်(Generation)
535. မရာမာကြီးလူငယ်ကွန်ရက်
536. မြို့လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း
537. မြေပုံလူငယ်များအစည်းအရုံး
538. မောင်တောလူငယ်ရေးရာကွန်ရက်
539. ရမ်းဗြဲလူငယ်များကွန်ရက်
540. ရသေ့တောင်လူငယ်များကွန်ရက်
541. ရောင်ခြည်သစ်လူထုစာကြည့်တိုက်အဖွဲ့
542. သန္တာရင်သွီးမျိုးဆက်သစ်
543. အထက်မြန်မာပြည်စောင့်ကြည့်ရေးအဖွဲ့
544. အနောက်တံခါးလူငယ်များအသင်း
545. အုန်းတောပရဟိတဖောင်ဒေးရှင်း
546. လုံခြုံရေးကြောင့် အမည်ဖော်ပြနိုင်ခြင်း မရှိသော်လည်း ပါဝင်လက်မှတ်ထိုးသည့် (၁၄၉) ဖွဲ့